## နိုင်ငံခြားသို့ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)ကို ရွေးချယ်ရာတွင် သတိထားရမည့် အချက်များ

နိုင်ငံခြားသို့ အလုပ်သမားစေလွှတ်သည့်အဖွဲ့(အေဂျင်စီ)နှင့်ပါတ်သက်၍ ဥပဒေအရ လိုအပ်သောအချက်များကို သပ်မှတ်ထား သော်လည်း၊ နိုင်ငံခြားသို့ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ) အနေဖြင့် ပိုမို သင့်လျှော်သော လုပ်ငန်းများကို ပြုလုပ်ပြီး၊ အားကျိုးမာန်တက် နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသား (သင်တန်းသားလောင်း) ကို ပို့ဆောင်နိုင်စေရန်၊ ရှေ့ဆောင်လမ်းပြ ဆောင်ရွက်နေသော အလုပ်သမားစေလွှတ်သည့်အဖွဲ့များလည်း ရှိပါသည်။ ဤအကြိမ်တွင် နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်း ကြီးကြပ်ရေးကော်မတီ(OTIT)သည် ဦးဆောင်လမ်းပြအားကြိုးမာန်တက် လုပ်နေသော စေလွှတ်သည့်အဖွဲ့ (အေဂျင်စီ)များအား နောက်ဆုံးရွေးချယ် ခွဲခြားအတည်ပြုသော အချက်များကို လက်တွေ့ စေလွှတ်သည့် အဖွဲ့ (အေဂျင်စီ)က ပြုလုပ်နေသော ဥပမာများဖြင့် အလုပ်သမားစေလွှတ်သည့်အဖွဲ့(အေဂျင်စီ)၏ လိုအပ်ချက်များကို စုစည်း တင်ပြထားပါ၍ အထောက်အကူဖြစ်မည်ဟု ယုံကြည် မိပါသည်။

ထို့အပြင် ကောင်းမွန်သော အလုပ်သမား စေလွှတ်သည့်အဖွဲ့ (အေဂျင်စီ) ၏ ဆောင်ရွက်မှု ဥပမာများနှင့်ပါတ်သက်၍၊ စီမံကွတ်ကဲရေးအဖွဲ့ အချင်းချင်းသတင်းဖလှဲခြင်းပြုလုပ်ရန် မေတ္တာရပ်ခံ အပ်ပါသည်။

**◎နိုင်ငံခြားသို့အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ) ၏လိုအပ်သော အချက်အလက်များ**

**1. အသိအမှတ်ပြုအလုပ်သမားစေလွှတ်သည့်အဖွဲ့(အေဂျင်စီ) သို့မဟုတ် တရားဝင်အဖွဲ့အစည်းမှ ထောက်ခံ ချက်ပေးခြင်း**

☐ 〔အလုပ်သမားစေလွှတ်သော တိုင်းပြည်က MOC (နှစ်နိုင်ငံအကြား သပ်မှတ်ထားသော) တိုင်းပြည် ဖြစ်ပါက〕 ကြီးကြပ်ရေးကော်မတီHPတွင် ဖေါ်ပြပြထား အသိအမှတ်ပြု အလုပ်သမားစေလွှတ်သည့်အဖွဲ့ ဖြစ်ပါသလား ?

ဤနေရာမှဝင်ပါ

✔ ကြီးကြပ်ရေးကော်မတီHPရှိ နိုင်ငံခြားအစိုးရ အသိအမှတ်ပြု အလုပ်သမားစေလွှတ်သည့်အဖွဲ့ စာရင်းကိုအတည်ပြုကြပါစို့။

☐ 〔အလုပ်သမားစေလွှတ်သော တိုင်းပြည်နှင့် MOCမပြုလုပ်ရသေးသော တိုင်းပြည်ဖြစ်ပါက〕 တည်ရှိရာတိုင်းပြည် သို့မဟုတ် တည်ရှိရာဒေသရှိ တရားဝင် အဖွဲ့အစည်းမှ ထောက်ခံ အသိအမှတ်ပြုခြင်းရှိသလား ?

✔ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)၏ တာဝန်ခံနှင့် ဆက်သွယ်၍ ကော်ပီအား စစ်ဆေးကြည့်ကြပါစို့။

**2. စနစ်ကို ကောင်းစွာနားလည်ပြီး ပြုလုပ်နေသူအား သင့်လျော်ကန်စွာ ရွေးချယ်၍ အလုပ်သမား ပို့ဆောင်နေခြင်း**

☐ အလုပ်သမား ရှာဖွေစုဆောင်းရေးအတွက် အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)က မည်ကဲ့သို့ နည်းလမ်း・စီမံမှုများဖြင့် စုဆောင်းခြင်း၊ ရွေးထုတ်ခြင်းများ ပြုလုပ်နေပါသနည်း ?

✔ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)က SNS (Facebook、TikTok、Zalo စသည့်) နှင့် HP များတွင် ပြုလုပ်သော ကြော်ငြာများကို စစ်ဆေး အတည်ပြုပြီး၊ အလုပ်အကြောင်းအရာ၊ လစာ၊ နည်းပညာသင်တန်း စသည်အထိ လုပ်ပုံ လုပ်နည်းများနှင့် ပါတ်သက်၍ လျော်ကန်သော ရှင်းလင်းချက်များ ရှိမရှိ စစ်ဆေး အတည်ပြုကြပါစို့။

✔ အလုပ်သမား စေလွှတ်သည့်အဖွဲ့ ကိုလည်း တိုက်ရိုက် စစ်ဆေးအတည်ပြုကြပါစို့။

Organization for Technical Intern Training

## နိုင်ငံခြားသို့ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)ကို ရွေးချယ်ရာတွင် သတိထားရမည့် အချက်များ

☐ အလုပ်သမားစေလွှတ်သည့်အဖွဲ့(အေဂျင်စီ)သည် အလုပ်သမား စုဆောင်းစဉ်၊ နည်းပညာ အလုပ်သင် စနစ်နှင့် ပါတ်သက်၍ မည်ကဲ့သို့ ရှင်းလင်း ပြောဆိုပါသနည်း?

☐ အလုပ်သမားစေလွှတ်သည့်အဖွဲ့(အေဂျင်စီ)သည် အလုပ်သမား စုဆောင်းစဉ်၊ မိမိတိုင်းပြန်သို့ ပြန်ပြီးနောက် သင်ကြားလာသည်များကို ပြန်လည်အသုံးချလိုစိတ် ပြင်းပြသော နည်းပညာ အလုပ်သင်တန်းသား(သင်တန်းသားလောင်း) များကို မည်ကဲ့သို့ စုဆောင်းနေပါသနည်း ?

☐ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)သည် အလုပ်ဆိုင်ရာ အချက်အလက် (အလုပ်နေရာ၊ အချိန်၊ လစာ (အခွန်၊ ကျန်းမာရေး အာမခံငွေနှုတ်ခြင်းအပါ) ၊ အလုပ်အကြောင်း၊ ဂျပန်ပြည်တွင် စားသောက်နေထိုင်မှု စသည့်) နှင့် ဂျပန်ပြည်တွင် ထွက်ပြေးပါက ဖြစ်နိုင်သော ဆုံးရှုံးနစ်နာမှု စသည့် တို့ကို မည်ကဲ့သို့ ရှင်းလင်းနေပါသနည်း?

☐ နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသား(သင်တန်းသားလောင်း)သည် အမှန်တစ်ကယ် အထက်ပါ အကြောင်းအရာများကို ကောင်းစွာ နားလည်သဘောပေါက် နေပါသလား ?

✔ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)က နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသား (သင်တန်းသားလောင်း)အပေါ်၊ လက်တွေ့ မည်ကဲ့သို့ ရှင်းလင်းပြနေသည်ကို မေးကြည့်ကြပါစို့။

✔ နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသား(သင်တန်းသားလောင်း)ကာယကံရှင်ကိုလည်း အလုပ်သင် စနစ်အကြောင်းကို ပြည့်စုံစွာ နားလည်သဘောပေါက် သလားဟု စစ်ဆေး အတည်ပြုကြည့်ကြပါစို့။

✔ နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသား(သင်တန်းသားလောင်း)ကာယကံရှင်က မိမိတိုင်းပြန်သို့ ပြန်ပြီးနောက် အတွေ့အကြုံများကို မည်ကဲ့သို့ အသုံးချမည်ကို စစ်ဆေး အတည်ပြုကြည့်ကြပါစို့။

✔ နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသား(သင်တန်းသားလောင်း)ကာယကံရှင်ကိုအလုပ်နှင့် သက်ဆိုင်သော အချက်အလက်နှင့် ထွက်ပြေးပါက ဖြစ်ပေါ်လာမည့် ဆုံးရှုံးမှုများကို ပြည့်စုံစွာ နားလည်သဘောပေါက် သလားဟု စစ်ဆေး အတည် ပြုကြည့်ကြပါစို့။

☐ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)သည် အလုပ်မှ လိုအပ်ချက်နှင့် သင်တန်းသားလောင်းများ ကိုက်ညီမှု ရှိမရှိ မည်ကဲ့သို့ လုပ်ဆောင်နေပါသနည်း ?

✔ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)က မည်ကဲ့သို့ အလုပ်အမျိုးအစား၊ အလုပ်၊လစာစသည့် သင်တန်းနှင့် ပါတ်သက်သော အရာများကို ချက်ခြင်း သင်ကြားပေးခြင်းရှိမရှိ ။ ထို့အပြင် နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားလောင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းအကြောင်းအရာကို ချိုင့်၍ ကိုက်ညီခြင်းရှိမရှိ၊ သင်တန်းသားလောင်းနှင့် သင်ယူရမည့် သင်တန်းအလုပ်တို့ ကိုက်ညီခြင်းရှိမရှိကို အလေးထား၍ မည်သို့မည်ပုံ ပြုလုပ်စဉ်းစားနေသည်ကို စစ်ဆေး အတည်ပြုကြပါစို့။

## နိုင်ငံခြားသို့ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)ကို ရွေးချယ်ရာတွင် သတိထားရမည့် အချက်များ

☐ မကောင်းသောကြားပွဲစား၏ ကြားဝင်မှုစသည့် နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသား(သင်တန်းသားလောင်း)၏ ကုန်ကျစားရိတ် မြင့်မားလာစေသော အကြောင်းအရင်းများမှ နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသား(သင်တန်းသားလောင်း)ကို စုစည်းနိုင်ပါသလား？

✔ အလုပ်သမား စေလွှတ်သည့်အဖွဲ့ (အေဂျင်စီ)တွင် 「နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသား ခန့်အပ်ခြင်းအပေါ် ကြားပွဲစား က နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားထံမှ ဈေးမြင့်မားစွာ မိတ်ဆက်ခ ယူနေသလား」 ဟု မေးမြန်းပြီး မကောင်းသော ကြားပွဲစား များ ဝင်ရောက်ခြင်းရှိမရှိ စစ်ဆေး အတည်ပြုကြည့်ကြပါစို့။

✔ နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသား(သင်တန်းသားလောင်း)ကို 「အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)တွင် စာရင်းသွင်းရန် ကြားပွဲစားအား အသုံးချ၍ ဈေးမြင့်မားစွာ မိတ်ဆက်ခတောင်းဆိုနေသလား 」ဟု မေးမြန်းပြီး မကောင်းသော ကြားပွဲစား များ ဝင်ရောက်ခြင်းရှိမရှိ စစ်ဆေး အတည်ပြုကြည့်ကြပါစို့။

（ကိုးကား）
ဂျပန်နှင့် ဗီယက်နမ် အစိုးရ၏ ＭＯＣတွင် အလုပ်သမား စေလွှတ်သည့်အဖွဲ့ (အေဂျင်စီ)က ကြားပွဲစားများ အသုံးပြုခြင်းကို တားမြစ်မြစ်ထားပါသည်။

### အေဂျင်စီ၏ လုပ်ဆောင်မှု နမူနာများ

〔လက်တွေ့လုပ်ဆောင်မှု １〕

အပါတ်စဉ် သင်တန်းသား အားလုံးကိုစုဝေး၍ ရှင်းလင်းချက်များနှင့် သင်တန်းသားများ၏ စိတ်ဓါတ်ရေးရာ ကြံ့ခိုင်ရေးကို သတိပြု လုပ်ဆောင်နေပါသည်။ တက်ရောက်သူများက အသီးသီးသော ပြဿနာများကို ဖြေရှင်းပြီးမိမိသဘောထားဖြင့် စာရင်းသွင်းရန် စီစဉ်နေပါသည်။ ထို့အပြင် 、နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသား(သင်တန်းသားလောင်း)ကို စုဆောင်းရာတွင် ယခုကဲ့သို့ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)က ကိုယ်ပိုင်ရည်ရွယ်ချက်ကို သပ်မှတ်ပြီး၊ ထိုရည်ရွယ်ချက်ကို သဘောတူညီသူ များကိုသာ ရွေးချယ်နေပါသည်။

<u>အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)က ပြုလုပ်နေသော ကိုယ်ပိုင်ဦးတည်ချက်</u>

အသင့်ပြင်ထားသော အေဂျင်စီ （※） တွင် ဂျပန်ဘာသာ သင်ကြားမှု၊ လုပ်ငန်းခွင် အပြုအမူ သင်ကြားမှု၊ အတွေ့အကြုံ ပို့ချသင်ကြားမှု စသည့်တို့ကို ၁နှစ်တာ သင်ကြားပြီး၊ ထိုအတောအတွင်း သင့်တော်သော အလုပ်သင်တန်းကို ကိုက်ညီ ပြုလုပ်စေပါသည်။

## အေဂျင်စီ၏ လုပ်ဆောင်မှု နမူနာများ

〔လက်တွေ့လုပ်ဆောင်မှု 2〕

အလုပ်သမားပို့တိုင်းပြည်ရှိ နိုင်ငံတော် အလုပ်အကိုင် လေ့ကျင့်ရေး သင်တန်းကျောင်းကို （※） အသင့်အဖွဲ့အစည်း အနေဖြင့် အသုံးချသည်။ လေ့ကျင့်ရေး သင်တန်းကျောင်း၏ သင်ရိုးသည် ဂျပန်နည်းပညာကို အခြေခံ၍ပြုလုပ်ကာ အေဂျင်စီအနေနှင့်လည်း အဆင့်တူပြုလုပ်ကာ e-learning ဖတ်စာအုပ်၊ ဗီဒီယို လေ့ကျင့်မှုများ ပြုလုပ်၍ ဤလေ့ကျင့်ရေးကျောင်းသုံးပစ္စည်းအနေဖြင့် ပေးဆောင်နေပါသည်။ တစ်နည်းဆိုသော သင်တန်းသားလောင်းသည် ဂျပန်ကို ပိုမိုသိရှိစိတ်ဝင်စား၍၊ လေ့ကျင့်ရေး သင်တန်းကျောင်းတွင် သင်ကြားခဲ့သော နည်းပညာကို ပိုမိုနက်နဲစွာ သိရှိနားလည်လိုသော သင်တန်းသားထဲမှ လူရွေးချယ်ခြင်းဖြင့် လိုက်လိုက်လဲလဲ စိတ်ပါဝင်စားသူ နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသား (သင်တန်းသားလောင်း)ကို စုဆောင်းနိုင်ပါသည်၊

※ အသင့်အဖွဲ့အစည်း ： ထိုတိုင်းပြည်တွင်အသင့်ရှိသော အဖွဲ့အစည်းကိုဆိုလိုသည်။ ဥပမာ၊ ထိုနိုင်ငံရှိ နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားဖြစ်လိုသူက အလုပ်လုပ်နေသော ကုမ္ပဏီ၊ အတွေးအခေါ် မြင့်မားစေနိုင်ရန် ဖွင့်လှစ်ထားသော ဂျပန်သင်တန်းကျောင်း၊ နိုင်ငံကူးလက်မှတ်၊ စစ်ဆေးလျှောက်ထားမှုများကိုယ်စားဝန်ဆောင်ပြုလုပ်ပေးသူများလည်း ပါဝင်သည်။

〔လက်တွေ့လုပ်ဆောင်မှု 3〕

သင်တန်းသားလောင်းနှင့် လူတွေ့နှုတ်ဖြေ လုပ်ရာတွင် အများအားဖြင့် စီမံကွတ်ကဲရေးအဖွဲ့ (ကုမိအအိ)က ပြုလုပ်သော်လည်း အလုပ်သင်တန်းပြုလုပ်သူကိုယ်တိုင်က တိုက်ရိုက်ပြုလုပ်နိုင်ရန်စီစဉ်ပါသည်။ ထိုကဲ့သို့လုပ်ခြင်းဖြင့် အလုပ်သင်တန်း ပြုလုပ်သူက သင်တန်းသားလောင်း၏ကိုယ်ရည်ကိုယ်သွေး၊ စားသောက်နေထိုင်မှု၊ ဝါသနာစသည့် ကိုယ်ပိုင်ထူးခြားချက်များကိုသိရှိရွေးချယ် နိုင်ပါသည်။ ထို့အပြင် အလုပ်သင်တန်းပြုလုပ်သူက 「မိမိကရွေးချယ်သော အလုပ်သင်တန်းသား」၊ အလုပ်သင်တန်းသားက 「အလုပ်သင်တန်းလုပ်သူရဲ့ ရွေးချယ်ခံရသည် 」ဟူသော စိတ်ဖြစ်ပေါ် ပြီး၊ ဂျပန်မလာခင်မှစ၍ အလုပ်သင်တန်း ပြုလုပ်သူနှင့် သင်တန်းသားများ အကြား တာဝန်ယူလိုမှု၊ ယုံကြည် အားကိုးမှုများ ဖြစ်ပေါ်စေသည်။ ထို့အပြင် အလုပ်သင်တန်းပြုလုပ်သူကို သင်တန်းသားလောင်း၏မိသားစုနှင့် တွေ့ဆုံစေပါသည်။ ယင်းတို့၏မိသားစုက အလုပ်သင်တန်း ပြုလုပ်သူနှင့် တွေ့ကြုံစိတ်ချ၍ သင်တန်းသားလောင်းကို ဂျပန်သို့ပို့ဆောင်နိုင်ကာ၊ ထွက်ပြေးခြင်း စသည့် ပြဿနာများ နည်းပါးစေပါသည်။

〔လက်တွေ့လုပ်ဆောင်မှု 4〕

ထိုတိုင်းပြည်အစိုးရလက်အောက်ရှိ လုပ်ငန်းခွင်လေ့ကျင့်ရေးကျောင်းများကို အသင့်အဖွဲ့အစည်းအနေဖြင့် အသုံးချ၍ သင်တန်း သားလောင်းကို ထိုကျောင်းဆင်းများထဲမှတိုက်ရိုက်ရွေးချယ်ခြင်းဖြင့် ကြားပွဲစားများဝင်ရောက်မှု၊ သင်ကြားမှုရာဇဝင် လိမ်ညာမှုကို ကာကွယ်နိုင်ပေသည်

## နိုင်ငံခြားသို့ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)ကို ရွေးချယ်ရာတွင် သတိထားရမည့် အချက်များ

**3. နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသား(သင်တန်းသားလောင်း)မှ ကောက်ခံသော ဝန်ဆောင်ခနှင့် တစ်ခြားသော ကုန်ကျစားရိပ်များတွက်ချက်သည့် အခြေခံအချက်များကို ပွင့်လင်းစွာ ပြုလုပ်၍ ကာယကံရှင်ကို ပြည့်စုံစွာ နားလည်သဘောပေါက် အောင်ပြုလုပ်ခြင်း**

☐ ကုန်ကျစားရိပ်ကို မည်သို့မည်ပုံ အခြေခံ၍ တွက်ချက်ပါသနည်း？
ကုန်ကျစားရိပ် အကြောင်းအရာများတွင် မသင်္ကာဖွယ်ယာများ ရှိပါသလား？

✔ အခြေခံတွက်နည်းနှင့် မသင်္ကာဖွယ်ယာ ခေါင်းစဉ်များရှိပါက အလုပ်သမား စေလွှတ်သည့်အဖွဲ့ (အေဂျင်စီ)ကို ရှင်းလင်းရန် ပြောကြားကြပါစို့။

☐ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)သည် ကုန်ကျစားရိပ် အခြေခံတွက်ချက်မှုများကို ထုတ်ဖော်ပြပြီး၍ မည်ကဲ့သို့ နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားက နားလည်သဘောပေါက်အောင် ပြုလုပ် နေပါသနည်း？

✔ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)၏ ကြော်ငြာပုံနှင့် အချက်အလက်များကို  စစ်ဆေး ကြည့်ကြပါစို့။
(စာရွက်စာတန်း၊ ကြော်ငြာစာရွက်များ၊ အင်တာနက်ဖော်ပြချက် များ စသည့်၊ )

※ ဘာသာစကား အသီးသီးရှိ HPစသည့်ပါတ်သက်လျှင်လည်း အင်တာနက်ဘာသာပြန် အပလီကို အသုံးပြုပြီး အလိုအလျောက် ဘာသာပြန်စက်ကို အသုံးပြု၍ အတည်ပြုပါက အကျိုးရှိသည်။

✔ နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားထံမှ ကုန်ကျစားရိပ်နှင့် ပါတ်သက်ပြီး အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)အကြား အပေးအယူကို စစ်ဆေး အတည်ပြုစေလိုပါသည်။

☐ 「အလုပ်သင် အဆင့် 3 ရှိ」 ကို ပြောင်းသော ဗီယက်နမ်လူမျိုး နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားထံမှ ဝန်ဆောင်ခကို တောင်းခံနေပါသလား？ (အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)နှင့် စီမံကွတ်ကဲရေးအဖွဲ့ (ကုမိအအိ)က မပြောင်းလဲသော အခါ)

✔ အလုပ်သင်အဆင့် ၃ရှိ ကိုပြောင်းချိန်တွင် ဗီယက်နမ်လူမျိုး နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားအပေါ်၊ 「အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)မှ ဝန်ဆောင်ခကို တောင်းခံသလား」 ဟု မေးကြည့်စေလိုပါသည်။

(**ကိုးကား ရည်ညွှန်း**) ဗီယက်နမ်အစိုးရ၏ သပ်မှတ်ချက်တွင် ကုမအအိက စီစဉ်သော အလုပ်သင် အဆင့် 2 မှ 3ကို ပြောင်းလဲစဉ် စီမံကွတ်ကဲရေးအဖွဲ့ (ကုမိအအိ)နှင့် အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)အား ပြောင်းလဲခြင်း မပြုလုပ်ပါက အလုပ်သမား စေလွှတ်သည့်အဖွဲ့ (အေဂျင်စီ) သည် နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားထံမှ ဝန်ဆောင်ခကို မယူရပါ၊

## အေဂျင်စီ၏ လုပ်ဆောင်မှု နမူနာ

〔လက်တွေ့လုပ်ဆောင်မှု 1〕

အလုပ်ခန့်စာမေးပွဲ မအောင်မီ စားစရိတ်မှအစ ကုန်ကျစားရိပ် အားလုံးအခမဲ့ပြုလုပ်ပြီး၊ နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသား(သင်တန်းသားလောင်း)၏ ကုန်ကျစားရိပ် နည်းပါးစေရန် ပြုလုပ်ပါသည်။ ထို့အပြင် မိမိ ကုမ္ပဏီ HP တွင် ဝန်ဆောင်ခနှင့် တစ်ခြားသော ကုန်ကျစားရိပ် အသေစိတ်ကို တင်ပြပြီး ပွင့်လင်းမြင်သာမှုကို ထိမ်းသိမ်း ထားပါသည်။

ဥပဒေအရ သပ်မှတ်ထားသော ဝန်ဆောင်ခကိုသာ တောင်းခံခြင်း၊ ဂျပန်ပြည်တွင် သတင်းထွက်ပေါ်နေသော ဥပဒေမဲ့ ပြည်ပထွက်ခ တောင်းခံမှုကို ပယ်ဖျက်ခြင်း၊ အလုပ်အပေါ်လိုက်၍ ဝန်ဆောင်ခ မတူညီခြင်းလုံးဝမရှိ

**<ဝန်ဆောင်ခ သပ်မှတ်ခြင်း>**

| | မြန်မာကျပ်ငွေ | ဂျပန်ယန်း |
|---|---|---|
| ဝန်ဆောင်မှု | ______ မြန်မာကျပ် | (______ ဂျပန်ယန်း) |
| ပညာသင်ခ/နေထိုင်စားရိတ် | ______ မြန်မာကျပ် | (______ ဂျပန်ယန်း) |
| အဆောက်အဦးသုံးဆွဲခ | ______ မြန်မာကျပ် | (______ ဂျပန်ယန်း) |

အင်တာဗျူးအောင်၍ဂျပန်သွားသည်အထိ၄သို့မဟုတ်၆လ၊သို့မဟုတ် ၁နှစ်ဖြစ်စေကာမူကာလနှင့်မဆိုင်တူညီသော အခငွေဖြစ်၏ (ကိုးကား)

◇အထက်ပါ ကုန်ကျငွေသည် ၃နှစ် သင်တန်းသား အတွက်ဖြစ်ပါသည်။

◇**အခငွေသည် လုပ်ငန်း/လိင်/အသက်/ကျောင်း မဆိုင် အတူတူပင်ဖြစ်သည်**

◇ပညာသင်ခ/နေထိုင်စားရိတ်သည် ကျောင်းဝင်ပြီး ဂျပန်သွားသည်အထိ ကျောင်းလခ၊ အဆောင်ခ၊ ရေမီးဖိုး၊ အလုပ်ဝတ်စုံ၊ စာအုပ်ဖိုး( MinanoNihonGo ၊ မူရင်းဖတ်စာအုပ်) ဂျပန်မသွားမီ ဆေးစစ်ခနှင့် ဗီဇာ လျှောက်ထားခများ ပါဝင်သည်။

◇အဆောက်အဦးသုံးဆွဲခတွင် အဲယားကွန်း၊ မီးဖိုချောင်၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ အိမ်အသုံးအဆောင်ပစ္စည်းများ ထိမ်းသိမ်း ပြင်ဆင်ခအပါ။

◇၁ ဂျပန်ယန်း = 15 မြန်မာကျပ် (ငွေကြေးပမာဏကို ဖျက်ထားပါသည်)

**4. နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားက မိမိတိုင်းပြည်သို့ ပြန်ပြီးနောက် သင်ယူရရှိခဲ့သော နည်းပညာစသည့်တို့ကို သင့်လျော်စွာ အသုံးချ အလုပ်လုပ်ကိုင်နိုင်ရန် အခွင့်အရေးပြုလုပ်ပေးခြင်း။**

☐ နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားအပေါ်၊ မိမိတိုင်းပြည်သို့ မပြန်ခင် အလုပ်ဆိုင်ရာ တိုင်ပင်မှုကိုပြုလုပ်နေပါသလား？

✔ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)က နိုင်ငံခြားသားနည်းပညာအလုပ်သင်တန်းသားအား ယွင်ကတိုင်ပင်ခဲ့သောအရာနှင့် ယင်းကိုဖြေရှင်းခဲ့ပုံများအား စစ်ဆေး အတည်ပြုကြပါစို့။

## နိုင်ငံခြားသို့ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)ကို ရွေးချယ်ရာတွင် သတိထားရမည့် အချက်များ

□ မိမိတိုင်းပြန်သို့ ပြန်လာသော နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားအပေါ် အလုပ်လုပ်ကိုင်ရန်သည့်နေရာ စီစဉ်ပုံနှင့် လက်ရှိ စီစဉ်နိုင်သော အလုပ်လုပ်ကိုင်နိုင်သည့်နေရာစသည့်များကို မည်ကဲ့သို့ ကူညီခဲ့ပါသနည်း ?

### အေဂျင်စီ၏ လုပ်ဆောင်မှု နမူနာ

〔လက်တွေ့လုပ်ဆောင်မှု 1〕
မိမိတိုင်းပြန်သို့ ပြန်လာမည့် နည်းပညာအလုပ်သင်တန်းသားနှင့် အွန်လိုင်းမှ အင်တာဗျူးလုပ်ပြီး၊ မိမိတိုင်းပြန်သို့ ပြန်လာသည့်အခါ ဆက်လက်လုပ်ကိုင်မည့် လုပ်ငန်းနှင့် ပါတ်သက်ပြီး တိုင်ပင်မှုကို လက်ခံဆောင်ရွက်သည့်အပြင် မိမိတိုင်းပြန်သို့ ပြန်လာသော သင်တန်းသားက ပြုလုပ်လိုသောလုပ်ငန်းနယ်ပယ်တွင် အဖွဲ့ဝင်ကုမ္ပဏီအဖြစ် ပါဝင်နိုင်သော နည်းလမ်းအား မိတ်ဆက်ပေးခြင်း

〔လက်တွေ့လုပ်ဆောင်မှု 2〕
ဂျပန်ပြည်တွင် လေ့လာခဲ့သော နည်းပညာကို အသုံးချပြီးကိုယ်ပိုင်အလုပ် လုပ်လိုသူ နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားအား ကူညီဆောင်ရွက်ခြင်း
ဥပမာ။ ။ 、မော်တော်ယဉ် ပြင်ဆင်ရေး အလုပ်ရုံ ပြုလုပ်လိုသူ နည်းပညာသင်တန်းသားအပေါ် ရင်နှီးမြှုပ်နှံငွေနှင့် မော်တော်ကား အရစ်ကျပေးခြင်း၊ မော်တော်ယဉ် အာမခံ စသည့်တို့ကို အလုပ်သမား စေလွှတ်သည့် အဖွဲ့(အေဂျင်စီ)၏ အဖွဲ့ဝင် ကုမ္ပဏီအဖြစ်၊ မိမိတိုင်းပြန်သို့ ပြန်ပြီးနောက် သင်တန်းသား၏ အနာဂတ် အိမ်မက်ကို အကောင်အထည်ဖော်ရန် ကူညီဆောင်ရွက်ခြင်း

**5. မိမိတိုင်းပြည်သို့ပြန်လာသောနိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသား၏နည်းပညာရပ်၊ အဆင့်ပြောင်းလဲမှု စသည်တို့နှင့် ပါတ်သက်ပြီး ဂျပန်ပြည်မှ စုံစမ်းခြင်းများကို ကူညီဆောင်ရွက်ခြင်း။ ထို့အပြင် ဂျပန်ပြည်မှ တောင်းဆိုမှု အပေါ်ကိုလိုက်၍ ပြုလုပ်ခြင်း။**

**6. အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ) သို့မဟုတ် အုပ်ချုပ်မှု ဒါရိုက်တာက အကျယ်ချုပ်ထက်ကြီးမားသော အပစ်ပေးခံရပြီး၊ အပစ်ဒဏ်ကင်းလွှတ်ချိန် သို့မဟုတ် အပစ်ဒဏ် ခံယူရန် မလိုအပ်တော့သည့် အချိန်မှ ၅နှစ်ကြာမြင့်ခဲ့ပြီးခြင်း**

**7. မိမိတိုင်းပြည်၏ ဥပဒေကိုလိုက်၍ လုပ်ငန်းလုပ်ဆောင်ခြင်း**

✔ ဂျပန်နှင့် ပါတ်သက်သော ဥပဒေများကို လေ့လာစုစည်းပြီး နားလည်သဘောပေါက် နေပါသလားဟု စစ်ဆေး အတည်ပြုစေလိုပါသည်။

## 8. အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ) သို့မဟုတ် ထိုအဖွဲ့ အုပ်ချုပ်မှု ဒါရိုက်တာက အောက်ပါ ပြုမူချက်ကို ယခင် 5 နှစ်အတွင်း မပြုလုပ်ခဲ့ခြင်း

- နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားနှင့် ၄င်းတို့နှင့် ပါတ်သက်သူများထံမှ အာမခံငွေ တောင်းယူခြင်းစသည့် (※) ငွေသားအပြင် တစ်ခြားသော ပစ္စည်းဥစ္စာကို ထိမ်းချုပ်ခြင်း
- အလုပ်သင်တန်းနှင့် ပါတ်သက်သော စာချုပ်ဖေါက်ဖျက်မှုများအတွက် ငွေကြေးနှင့် ပစ္စည်းဥစ္စာများကို ဂတိ ပေးဆောင်ရန် စာချုပ်ချုပ်ဆိုခြင်း
- နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားတို့၏ လူ့အခွင့်အရေး ချိုးဖေါက်မှု
- သင်တန်းတက်ရန် စသည့် ခွင့်ပြုချက်များကို ရရှိ ရည်ရွယ်ချက်ဖြင့် နည်းပညာသင်တန်းဆိုင်ရာ စာရွက်စာတမ်းများကို အတုပြုလုပ်ခြင်း

※ နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားနှင့် ပါတ်သက်သူ ဆိုသည်မှာ ၄င်းတို့အပြင် သည့်၊ သူတို့၏ မိခိုသူ၊ တိုက်ရိုက်ပါတ်သက်ခြင်း သို့မဟုတ် အတူတူနေထိုင်သူ မိဘဆွေမျိုးများနှင့်တစ်ကွ လူနေမှုပါတ်ဝန်းကျင်တွင်း နီးကပ်စွာ နေထိုင်စားသောက်နေထိုင်မှု ရှိသူများ

☐ (အလုပ်သင်တန်းသားတို့နှင့် ပြုလုပ်ထားသော သဘောတူညီမှု စာချုပ် မူရင်းကို စစ်ဆေးအတည်ပြု) နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားများအတွက် အကျိုးယုတ်စေသော အရာများ ပါဝင်နေပါသလား ?

☐ နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသား၏ အလုပ်ရာဇဝင်စသည့်၊ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)က ပြုလုပ်သောစာရွက်စာတမ်းများရှိ အချက်အလက်များနှင့် ပါတ်သက်၍ နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားက နားလည်သဘောပေါက်ပြီးမှ လက်မှတ်ရေးထိုးခဲ့သလား ?

✔ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)၏ စာရွက်စာတမ်းပြုလုပ်ပုံကို စစ်ဆေး အတည်ပြုကြပါစို့။

✔ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)က ပြုလုပ်သောစာရွက်စာတမ်းနှင့် ပါတ်သက်၍ အလုပ်သမား စေလွှတ်သည့် အဖွဲ့ (အေဂျင်စီ)မှ ပြီးပြည့်စုံသော ရှင်းချက်များ ရှိခဲ့သလား၊ အချက်အလက်များကို နားလည်သဘောပေါက်ပြီး ဆိုင်ထိုးခဲ့သလားကို နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားကိုလည်း စစ်ဆေး အတည် ပြုကြပါစို့။

※ ထို့အပြင် ကုမိအအိ က မိမိနှင့်အေဂျင်စီတို့အကြားရှိ စာချုပ်ကိုမလိုက်နာပါက၊ ဒဏ်ကြေး၊ ကော်မရှင်စသည့်မမှန်ကန် တရား မဝင်သော အမြတ်အစွန်းများရယူနေပါက၊ ကုမိအအိ ၏ စီမံခန့်ခွဲမှုလက်မှတ်ကို ပယ်ဖျက်ခြင်း ပြုလုပ်နိုင်ပါသည်။

**9. နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားစသည့်၊ နည်းပညာနှင့် ပါတ်သက်၍ အာမခံငွေ တောင်းခံခြင်း စသည့် ငွေကြေးနှင့် တစ်ခြားသော ပစ္စည်းဥစ္စာများကို သိမ်းယူထားခြင်း မရှိကြောင်း နှင့် အာမခံဖေါက်ဖျက်ပါငွေသားနှင့် တစ်ခြားသော ဥစ္စာပစ္စည်းများအား ပေးဆပ်သည် သဘောတူညီချက်နှင့် ပါတ်သက်၍ နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားထံမှ အတည်ပြုခြင်း**

✔ အေဂျင်စီက နည်းပညာ အလုပ်သင်တန်းသားအပေါ်၊ အထက်ပါကဲ့သို့ လုပ်ဆောင်နေသလားဟုစစ်ဆေး အတည်ပြုကြပါစို့။

**10. ထို့အပြင် သင်တန်းတက်ရန် လျှောက်ထားခြင်းကို မှန်မှန်ကန်ကန် စီမံကွတ်ကဲရေးအဖွဲ့ (ကုမိအအိ)နှင့် အကြား လိုအပ်သော စွမ်းဆောင်မှု ရှိခြင်း**

☐ နိုင်ငံခြားသို့ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)မှ ပြုလုပ်သော ဂျပန်ပြည်သို့ မလာခင်သင်တန်းသည် သင်လျော်သော အကြောင်းအရာများပါရှိပါသလား?

✔ အောက်ပါအချက်ကို အေဂျင်စီထံမှ စစ်ဆေး အတည်ပြုကြပါစို့

- မည်ကဲ့သို့ တိတိကျကျ သင်ကြားနေပါသနည်း။
- ဂျပန်ပြည်မလာခင် သင်တန်းတွင် မည်ကဲ့သို့ သင်ရိုးညွှန်းတမ်းကို အသုံးပြုပါသနည်း။
- သင်တန်းကို အကျိုးရှိစွာ ပြုလုပ်နိုင်ရန် မည်ကဲ့သို့ တီထွင်ပြုလုပ်နေပါသနည်း။
- ဂျပန်စကား အဆင့်ကို မည်သည့်အဆင့်အထိ ရရှိနိုင်ပါသနည်း။
- ဂျပန်ဆရာက မည်သည့်အဆင့်လက်မှတ်ရှိပါသနည်း။
- အေဂျင်စီဝန်ထမ်း၏ ဂျပန်ဘာသာအဆင့်နှင့် ပါတ်သက်၍ သတင်းအချက်အလက်များကို တိကျစွာ မျှဝေ ထောက်ပန့်ပါသလား
- သင်ကြားမှုနှင့် လိုက်ဖက်သော အခကြေးငွေကို ကောက်ခံပါသလား။

※ ကောင်းမွန်ပြီးပြည့်စုံသော ဂျပန်ပြည်မလာခင် သင်တန်းကို တက်ရှိထားသောသူသည် ဂျပန်ပြည်ရောက်ပြီး ပြုလုပ်သော ယဉ်ကျေးမှု နှင့် ဘာသာစကား သင်တန်းအကြား ကွာဟချက်မရှိ၊ ဖြောင့်ဖြူးစွာ သင်တန်းကို ဆက်လက်လုပ်နိုင်စွမ်း ရှိပါသည်။

## နိုင်ငံခြားသို့ အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)ကို ရွေးချယ်ရာတွင် သတိထားရမည့် အချက်များ

☐ သင်တန်းတက်နေစဉ် နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားအား လျော်ကန်သော ထောက်ပန့်မှုရှိပါသလား ?

✔ စီမံကွတ်ကဲရေးအဖွဲ့ စီမံကွတ်ကဲရေးအဖွဲ့ (ကုမိအအိ)၏ အကူအညီကို ရယူပြီး နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားကတိုင်ပင်နိုင်သော အနေအထားရှိနေသလား စစ်ဆေး အတည်ပြုကြပါစို့။

✔ နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားတွင် ပြဿနာတစ်စုံတစ်ခု ရှိသည့်အခါ စီမံကွတ်ကဲရေးအဖွဲ့ စီမံကွတ်ကဲရေးအဖွဲ့ (ကုမိအအိ)နှင့် အဆက်အသွယ်လုပ် တိုင်ပင်နိုင်သော အနေအထား ရှိမရှိ စစ်ဆေး အတည်ပြုကြပါစို့။

※ ဂျပန်ပြည်တွင်ကိုယ်စားလှယ်ရုံး၊ ရုံးခွဲများ ထားရှိ၍ ဂျပန်ပြည်တွင်း ကိုယ်စားလှယ်ရှိသော အလုပ်သမား စေလွှတ်သည့်အဖွဲ့ (အေဂျင်စီ)က ရှိလျှင်၊ အချိန်ပိုင်းအလိုက် သို့မဟုတ်တစ်စုံတစ်ခု ပြဿနာရှိပါက အလျှင်အမြန် နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားထံသို့ သွားရောက်နိုင်ပေသည်။

### အေဂျင်စီ၏ လုပ်ဆောင်ရွက်မှုများ

〔လက်တွေ့လုပ်ဆောင်မှု 1〕

ဂျပန်ပြည် မလာခင် လုပ်ငန်းပိုင်းဆိုင်ရာသင်ကြားမှု အနေဖြင့် ထိုနိုင်ငံတွင်း လက်တွေ့လူခေါ်သတင်းကိုအသုံးပြု၍ ၊ မိခင်တိုင်းပြည်သို့ပြန်ရောက်ချိန်တွင် ဂျပန်ဘာသာ စွမ်းရည် အပေါ်မူတည်၍ အလုပ်ရွေးချယ်လွဲမှားမှု၊ ဂျပန်ဘာသာ တတ်ကျွမ်းမှုအရ မိမိပြန်သို ပြန်ပြီးနောက်(~ပင်စင်ယူသည့်အထိ) ဝင်ငွေကွာခြားမှုကို သဘောပေါက်စေပါသည်။ ထို့အပြင် ဤလုပ်ငန်းသင်ကြားမှုရလဒ်အဖြေ၊ ဂျပန်ရောက်ပြီး ဂျပန်ဘာသာစွမ်းရည်စာမေးပွဲဖြေဆိုတိုးတက်မှု၊ ဂျပန်ရောက်ပြီး ခြောက်လရှိပါက N 3 အဆင့်ရရှိသော နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသား စီနီယာအဖြစ်ဖော်ပြသည်။ ထို့အပြင် တစ်ခြားသော ဂျပန်ပြည် မလာခင် သင်ကြားမှု အနေဖြင့်၊ ပြဿနာ မဖြစ်ပွားမီ တားဆီးမှု ဥပမာကို အခြေခံ၍ သင်တန်းသားလောင်းများကို အဓိကထား လက်တွေ့ပုစ္ဆာများ ပြုလုပ်ပါသည်။ ဥပမာ စားသောက်ကုန် ထုတ်လုပ်ငန်း သင်တန်းပြုလုပ်သူက သင်တန်းပေးရန် ရည်ရွယ်ထားသော သင်တန်းသားလောင်းအပေါ်၊ လုပ်ငန်းခွင်တွင် လက်ဝတ် လက်စားများ ဝတ်ဆင်ခြင်းသည် မသက်ဆိုင်သော အရာများရောနှောပါဝင်မှုမှ ဖြစ်ပွားနိုင်ခြေ စသည့်၊ လုပ်ငန်းခွင် စည်းမျဉ်း မလိုက်နာသည့်အတွက် ပေါ်ပေါက်နိုင်သော ပြဿနာများကို သင်ကြားပေးပါသည်။

〔လက်တွေ့လုပ်ဆောင်မှု 2〕

မိမိပြန်သို့ပြန်လာသော အလုပ်သင်တန်းသားအား ဂျပန်ပြည်သို့မလာခင်သင်တန်းဆရာအဖြစ်၊ ဂျပန်ပြည်သို့ သွားမည့်သူများကို နည်းပညာသင်တန်းလက်တွေ့ ပြုလုပ်မိတ်ဆက်ပေးခြင်း၊ အတွေ့အကြုံ၊ စိုက်ပျိုးရေးသင်ကြားမှုကို ပြုလုပ်ခြင်းဖြင့် ဂျပန်ပြည် ရောက်ရှိပြီးနောက် ဂျပန်ပုံစံ စိုက်ပျိုးရေး သင်တန်းကို ချောမွေ့စွာ ပြုလုပ်နိုင်ရန် ကြံစီတီထွင် ထားပါသည်။ ထို့အပြင် ဂျပန်စာသင်တန်းကိုအနည်းဆုံး ၆လလုပ်ပြီး၊ N4သို့မဟုတ်N5အဆင့်ဖြင့် ဂျပန်သို့ရောက်ရှိနိုင်ရန် ပြုလုပ်ခဲ့ပါသည်။

Organization for Technical Intern Training

## နိုင်ငံခြားသို့အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ)ကို ရွေးချယ်ရာတွင် သတိထားရမည့် အချက်များ

### အေဂျင်စီ၏ လုပ်ဆောင်ရွက်မှုများ

〔လက်တွေ့လုပ်ဆောင်မှု 3〕

နည်းပညာ အလုပ်သင်တန်းသားက အေဂျင်စီမှ စိတ်ပိုင်းဆိုင်ရာထောက်ပန့်မှုဝန်ထမ်း၊ ဂျပန်ပြည်ဆက်သွယ်ရေးရုံးဝန်ထမ်းနှင့် အဆက်အသွယ်ပြုလုပ်နိုင်ရန် အသင့်ပြင်ထားပါသည်။ ဂျပန်ပြည်သို့မလာခင်ကတည်းက အလုပ်သင်တန်းသားနှင့် အလုပ်သမား စေလွှတ်သည့်အဖွဲ့ဝန်ထမ်း၊ အေဂျင်စီ၏ဂျပန်ပြည်ရုံးခန်းများအကြားဝယ်၊ ရင်းနှီးမှုရှိရန်ပြင်ဆင်ထားပါသည်။ ထိုကဲ့သို့ ပြုခြင်းဖြင့် ဂျပန်ရောက်ပြီးနောက် လုပ်ငန်းပိုင်းအဆက်အသွယ်သာမက၊ နေ့စဉ်ဖြစ်ပွားသောအရာများကို စိတ်ပေါ့ပါးစွာ အေဂျင်စီဝန်ထမ်းနှင့် လွယ်ကူစွာဆက်သွယ်နိုင်သော အနေအထားဖြစ်နေသည်။ သင်တန်းသားသည် သာမာန်အချိန်များတွင် မိမိသဘောထားအား အေဂျင်စီ သို့ လွတ်လပ်စွာပြောနိုင်၍ အမှိုက်ကစ၊ပြဿဒ်မီးမလောင်စေရန် တိုင်ပင်နိုင်ပြီး၊ ရုတ်ခြင်းပြဿနာများဖြစ်ပွားမှုကို ကာကွယ်နိုင်ပေသည်။ ထို့အပြင် အလုပ်သင်တန်းသား၏ စားသောက်နေထိုင်မှု ပုံစံ၊ ထူးခြားမှုများကို အလုပ်သမားစေလွှတ်သည့်အဖွဲ့တွင် ပို့ချသောသင်တန်းကာလတွင် လေ့လာသိရှိပြီး အလုပ်သင်တန်းပြုလုပ်သူကို ကြိုတင်အသိပေးခြင်းဖြင့် အလုပ်သင်တန်းပေးသူက သင်တန်းသား၏ ထူးခြားချက်ကိုသိရှိပြီး၊ ပို၍ နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းသားနှင့် လိုက်ဖက်သောလုပ်ငန်းကို လမ်းညွှန်နိုင်ရန် ပြုလုပ်ပါသည်။ ထို့အပြင် အလုပ်သင်တန်းသားတွင် ပြဿနာများ ဖြစ်ပေါ်လာသည့်အခါ သီးခြားစွာ သင်တန်းသားကို ထောက်ပန့်ပါသည်။ သင်တန်းသား ဆေးရုံတက်သည့်အခါ ကုမိအအိက အဆက်အသွယ် ရရှိပြီး၊ ဂျပန်ပြည်အေဂျင်စီရုံးခန်းမှ ဆေးရုံသို့လူမမာမေးခြင်း အပြင်၊ အေဂျင်စီမှ မိသားစုနှင့်ဆက်သွယ်ခြင်း၊ မကြာခဏ ဆေးရုံအခြေအနေနှင့်ရောဂါအခြေအနေများကို တင်ပြပြီး၊ နည်းပညာအလုပ်သင်တန်းသားနှင့် မိသားစုများ၏ စိုးရိမ်မှုကို နည်းပါးစေပါသည်။

〔လက်တွေ့လုပ်ဆောင်မှု 4〕

ဂျပန်ရှိ အေဂျင်စီဌာနက အလုပ်သင်တန်းသားနှင့် မိသားစု၊ အလုပ်သင်တန်းပြုလုပ်သူ၊ ကုမိအအိ၏ အလုံးစုံသော အဆက်အသွယ်ကို သိရှိထားပြီး၊ အချိန်မရွေး ဆက်သွယ်နိုင်သည့် အနေအထားရှိနေပါသည်။ အလုပ်သင်များ ဂျပန်ပြည်သို့ မလာမီကတည်းက သူတို့၏ မိသားစုနှင့်သိကျွမ်းရန် ပြုလုပ်ထား၍ အမြဲဆက်သွယ်လုပ်ခဲ့ပါသည်။ ဂျပန်ပြည်သို့ ရောက်ကာစ၊ သင်တန်း မစမီ၊ စ၍လအကြာ၊ အဆင့်ပြောင်းစာမေးပွဲမတိုင်မီ စသည့်၊ သင်တန်းသားက စိုးရိမ်မှုကို ရင်ဝယ်ပိုက်ထားချိန်တွင် ပိုမို၍အဆက်အသွယ်ပြုလုပ်၍ အလုပ်သင်တန်းသားက 「မိမိတစ်ဦးတည်းမဟုတ်」 ဟုခံစားကာ၊ သင်တန်းတွင်သာ စိတ်အေးအာရုံ စူးစိုက်နိုင်ရန် တီထွင်ခဲ့ပါသည်။ ထို့အပြင် ဘေးအန္တရာယ်ကျရောက်ပါက ဂျပန်နှင့်မိခင်ဘာသာကိုတတ်သော ဂျပန်ဝန်ထမ်းမှ တိကျသောသတင်းကို တင်ပြပါသည်။

<ဘေးအန္တရာယ် ကျရောက်စဉ် ပြုလုပ်ပုံ>

① အလုပ်သင် သင်တန်းသား၏ ဘေးအန္တရာယ် ကင်းရှင်းမှု ရှိမရှိ စစ်ဆေး အတည်ပြုခြင်း

② အလုပ်သမား စေလွှတ်သည့်အဖွဲ့(အေဂျင်စီ) ကုမ္ပဏီတွင်း SNS အဆက်အသွယ် ကို အသုံးချ သတင်းအချက်အလက်များ မျှဝေခြင်း

③ မိမိတိုင်းပြည်မှ မိသားစု သို့ အလုပ်သင် သင်တန်းသား၏ ဘေးအန္တရာယ် ကင်းရှင်းမှု ရှိမရှိသတင်းပေးပို့ခြင်း